၂၃၆၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုအစိုးရအဖွဲ့

အမိန့်ကြော်ငြာစာအမှတ် ၂၅ /၂၀၁၈

၁၃၇၉ ခုနှစ်၊ တပေါင်းလဆန်း ၉ ရက်
(၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့သည် အထူးကုန်စည်များ ပြည်တွင်းသို့တင်သွင်းခြင်းအတွက် ကောက်ခံရငွေနှင့် နိုင်ငံပိုင်လုပ်ငန်းဌာနများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းတို့မှ ကောက်ခံရငွေတို့မှအပဖြစ်သော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလိုက် အထူးကုန်စည်ခွန် ကောက်ခံရငွေ၏ ၁၅ ရာခိုင်နှုန်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းရမည့်ငွေအဖြစ် အထူးကုန်စည်ခွန် ဥပဒေပုဒ်မ ၃၃၊ ပုဒ်မခွဲ(က)ပါ ပြဋ္ဌာန်းချက်နှင့်အညီ သတ်မှတ်လိုက်သည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့၏ ၁၈-၃-၂၀၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၁၆ ကို ဤအမိန့်ကြော်ငြာစာဖြင့် ပယ်ဖျက်လိုက်သည်။

၃။ ဤအမိန့်ကြော်ငြာစာအရ သတ်မှတ်ချက်သည် ၁-၄-၂၀၁၇ ရက်နေ့မှစ၍ အကျိုးသက်ရောက်စေရမည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

စာအမှတ်၊ ၉၂ /၁၆၅-အဖရ(အထူးကုန်စည်ခွန်)/(၂/၂၀၁၈)
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၃ ရက်။

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး
သမ္မတဦးစီးရုံး
ဒုတိယသမ္မတ(၁)ဦးစီးရုံး
ဒုတိယသမ္မတ(၂)ဦးစီးရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီရုံး
တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့ရုံးအားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

ညွှန်ကြားရေးမှူးချုပ် }
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင် ထည့်သွင်းကြေညာပေးပါရန်။

အမိန့်အရ

မြင့်မြင့်သွယ်
ညွှန်ကြားရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး